






## UNHCR အကြောင်း


၁၉၅၀ ခုနှစ်မှစ၍ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR) သည် အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများ၊ စစ်ပွဲများ သို့မဟုတ် ဘေးအန္တရာယ်များကြောင့် နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသူများကို အကာအကွယ် ပေးရန် အပြည်ပြည် ဆိုင်ရာလှုပ်ရှားမှုများကို ဦးဆောင်နေသော အဖွဲ့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည် လူသားချင်းစာနာထောက်ထားခြင်း၊ ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်ခြင်းအစရှိသည့် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သော နိုင်ငံရေး နှင့်ဆက်စပ်ပတ်သက်ခြင်း မရှိသည့် လူသားချင်းစာနာထောက်ထားခြင်း ဆိုင်ရာ လုပ်ငန်းစဉ်သပ်သပ် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏အဓိကရည်ရွယ်ချက်မှာ နေရပ်စွန့်ခွာရန်ဖိအားပေးခံရသည့်ပြည်သူများ၏ အခွင့် အရေး နှင့် သာယာဝပြောရေးကိုကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့များနှင့် လူမှုအသိုင်းအဝိုင်းများနှင့်အတူပူးပေါင်း၍၊ ကျွန်ုပ်တို့အနေဖြင့် မည်သူမဆို ခိုလှုံခွင့်တောင်းခံ ပိုင်ခွင့် နှင့် အခြားတိုင်းပြည်တွင် ဘေးကင်းလုံခြုံစွာခိုလှုံပိုင်ခွင့်ကိုရရှိစေရန်လုပ်ဆောင်ပါသည်။ UNHCR အနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDP)များသာမက နိုင်ငံမဲ့ဖြစ်နေသူများ အတွက် လည်း ကာကွယ်စောင့်ရှောက်မှုနှင့်ကူညီပံ့ပိုးပေးမှုများကို လုပ်ဆောင်ပါသည်။ အဆိုပါ အုပ်စုများ အား စုပေါင်း၍ ကျွန်ုပ်တို့၏ကာကွယ်စောင့်ရှောက်မှုကိုလိုအပ်သူများအဖြစ် ခေါ်ဝေါ် သတ်မှတ် ပါသည်။

ဆယ်စုနှစ်၇နှစ်ကျော်ကာလအတွင်း ဤအဖွဲ့အစည်းသည်ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာအား ယင်းတို့၏ဘဝကို ပြန်လည် ထူထောင်နိုင်ရန်ကူညီလျက်ရှိသည်။ မြန်မာနိုင်ငံတွင် UNHCR သည် ၁၉၉၃ ခုနှစ်မှစတင်ရောက်ရှိခဲ့ပြီး၊ နိုင်ငံအနှံ့နေရာ ၁၀ နေရာတွင် ဝန်ထမ်းပေါင်း ၂၀၀ ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလအထိ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ် အပါအဝင် ပဲခူး၊ မကွေး၊ စစ်ကိုင်း နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ကာကွယ် စောင့်ရှောက်မှု လိုအပ်နေသူပေါင်း တစ်သန်းကျော်တို့၏ လိုအပ်ချက်များကို ကူညီပံ့ပိုး ပေးလျက် ရှိသည်။

အခြားသောကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်ပြည်တွင်းအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများနှင့်သာမက ဒေသခံလူမှုအသိုင်းအဝိုင်းများကဲ့သို့သော မိတ်ဖက်များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် UNHCRသည် မရှိမဖြစ်လိုအပ်သည့်အရေးပါသော လုပ်ငန်းများ - အထူးသဖြင့် အကူအညီပေးရေးညှိနှိုင်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဘေးအန္တရာယ်များ လျော့ပါးသက်သာစေရန်ဆောင်ရွက်ခြင်းနှင့် အမိုးအကာ၊ စောင်များနှင့်အိမ်သုံးပစ္စည်းများကဲ့သို့ အစားအစာမဟုတ်သည့်ပစ္စည်းများဖြန့်ဝေခြင်းကဲ့သို့သော အရေးပေါ်အကူအညီများပံ့ပိုးပေးခြင်း တို့အတွက်လည်းအဓိကအခန်းကဏ္ဍမှပါဝင်လုပ်ဆောင်နေပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သူများအတွက်သာမက လက်ခံလူမှုအသိုင်း အဝိုင်းများ၏ အခြေခံလူအခွင့်အရေးရပိုင်ခွင့်များအတွက် ဦးဆောင်လှုပ်ရှားခြင်းနှင့် ပြည်သူလူထု အနေဖြင့်အိမ်ကဲ့သို့သော ဘေးကင်းလုံခြုံစွာနေထိုင်နိုင်သည့် နေရာတစ်နေရာရရှိရေးနှင့် တည်ငြိမ် အေးချမ်းသောလူမှုအသိုက်အဝန်းတွင်ပိုမိုကောင်းမွန်သောအနာဂတ်ကိုပြန်လည်တည်ဆောက်နိုင် ရေးအတွက် ရေရှည်တည်တံ့စေမည့်ဖြေရှင်းနည်းများကို ရရှိရေးအတွက်လည်း ရှေးရှုဆောင်ရွက် နေပါသည်။




### UNHCR ရုံးများ

၁ ဌာနေကိုယ်စားလှယ်ရုံး၊ ရန်ကုန်

၁ ဆက်ဆံရေးရုံး၊ နေပြည်တော်

၁ မောင်တောရုံးခွဲ

၃ နယ်မြေရုံး - ဘားအံ၊ မြစ်ကြီးနား၊ စစ်တွေ

၄ နယ်မြေရုံးခွဲ - ဗန်းမော်၊ ဘူးသီးတောင်၊ လားရှိုး၊ လွိုင်ကော်

**UNHCR** မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ရုံး
အမှတ်(၁၁)၊ (၁၁) လွှာ၊ ကန်သာယာ ရုံးတာဝါ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၉၃၇၆၁၀၉၅ မှ ၉၈ ၊ ဖက်စ် - ၀၁ ၉၃၇၆၁၀၉၄၊ အီးမေးလ် - myaya@unhcr.org.
@UNHCRMyanmar

## ကျွန်ုပ်တို့ပံ့ပိုးကူညီသူများ

**ကာကွယ်စောင့်ရှောက်မှုကိုလိုအပ်သူ စုစုပေါင်း**
**၁,၂၇၀,၀၀၀**
၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ

**ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ**
**၃၇၀,၀၀၀**
၂၀၂၀နှစ်ကုန်အထိ

**ရခိုင်ရှိနိုင်ငံမဲ့ဖြစ်နေသူများ**
**၆၀၀,၀၀၀**
အနက် ၁၄၈,၀၀၀ သည်
ပြည်တွင်းနေရပ်စွန့်ခွာသူများ

**ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူအသစ်များ**
**၄၄၀,၀၀၀**
၂၀၂၁ ဇန်နဝါရီမှစ၍

**နေရပ်ပြန် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူ**
**၈,၈၉၃**
၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်အထိ

၁ **ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ (IDPs)**
လူကြောင့်ဖြစ်သောသို့မဟုတ်သဘာဝဘေးအန္တရာယ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှုများ၏ အကျိုးဆက်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသော်လည်း တိုင်းပြည်အတွင်းတွင် ဆက်လက်နေထိုင်ကြသူများ

၂ **လက်ခံရပ်ရွာလူမှုအသိုက်အဝန်းများ**
ပြည်တွင်းနေရပ်စွန့်ခွာသူများအားလက်ခံနေထိုင်စေသည့်အိမ်များမှရပ်ရွာလူထုများနှင့်/သို့မဟုတ် နေရပ်စွန့်ခွာနေထိုင်သူများနေထိုင်ရာစခန်းများအနီးမှ ရပ်ရွာလူထုအသိုက်အဝန်းများ

၃ **နိုင်ငံမဲ့ဖြစ်နေသူများ**
မည်သည့်နိုင်ငံကမှနိုင်ငံသားအဖြစ်သတ်မှတ်ထားခြင်းမခံရသူများသို့မဟုတ် နိုင်ငံတွင်းရှိအခြားသူများနည်းတူအခြေခံလူ့အခွင့်အရေးကိုခံစားခွင့်မရရှိသူများ

၄ **ဒုက္ခသည်များ**
ဖိနှိပ်ခံရမည်ဟုအမှန်တကယ်ခြေခြေမြစ်မြစ်စိုးရိမ်ကြောင့်ကြခြင်းကြောင့် မိမိတို့နေရပ်ရင်းနိုင်ငံမှစွန့်ခွာလာပြီး ပြန်လည်နေထိုင်နိုင်ခြင်းမရှိသေးသူများ

၅ **နေရပ်ပြန်များ**
ဘေးအန္တရာယ်ကင်းရှင်းသောအခါမိမိတို့နေထိုင်ရာမူလနေရာများသို့ ပြန်လည်နေထိုင်ကြသည့်ဒုက္ခသည်များ (သို့) ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ

## အဓိကလုပ်ငန်းများ

### ကာကွယ်စောင့်ရှောက်မှု

UNHCRသည်နိုင်ငံမဲ့သူများနှင့်နေရပ်စွန့်ခွာပြည်သူများ၏ အသံများကိုပိုမိုသိရှိစေရန်၊ ဘေးအန္တရာယ်အရှိဆုံးသောသူများအား ကာကွယ်စောင့်ရှောက်ရန်နှင့်ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်နိုင်ရန်အားထုတ်လုပ်ဆောင်မှုများကို ကူညီပံ့ပိုးပေးရန်အတွက်ဆောင်ရွက်နေပါသည်။ကျွန်ုပ်တို့ကူညီပံ့ပိုးပေးနေသည့်ပြည်သူများ၏ဘေးကင်းလုံခြုံမှုနှင့်သာယာဝပြောရေးတို့အတွက် လူမှုအသိုက်အဝန်းများ၊ ဒေသခံများ၊ပြည်တွင်းနှင့်နိုင်ငံတကာမှလုပ်ရှားဆောင်ရွက်သူများနှင့်အတူပူးပေါင်း၍လုပ်ဆောင်နေပါသည်။ တစ်ချိန်တည်းမှာပင် UNHCRသည် နေရပ်စွန့်ခွာပြည်သူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံမဲ့ဖြစ်မှုကို ကာကွယ်တားဆီးရန်နှင့်လျှော့ချရန် ၄င်း၏ လုပ်ပိုင်ခွင့်များနှင့်အညီ အခြေခံလူ့အခွင့်အရေးများ ခံစားခွင့်တိုးတက်စေရန် ဆောင်ရွက်ပါသည်။

### အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်မှု

နေရပ်စွန့်ခွာထွက်ပြေးရသူများကို အရေးပေါ်အကူအညီပေးခြင်းသည် ရေရှည်ကာကွယ်စောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဥ်များအတွက်ခြေလှမ်းအစဖြစ်သည်။ မြန်မာနိုင်ငံတွင်UNHCRသည် မရှိမဖြစ်လိုအပ်သည့်အရေးပေါ်အကူအညီများပံ့ပိုးပေးရန်အတွက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို ပဋိပက္ခဖြစ်ပွားရာနေရာများသို့စေလွှတ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများနှင့်အနီးကပ်ဆွေးနွေးညှိနှိုင်း၍ အရေးပေါ်သုံးယာယီတဲများနှင့်တာပေါ်လင်များကဲ့သို့သော နေအိမ်အမိုးအကာဆိုင်ရာပစ္စည်းများနှင့်တကွ ခြင်ထောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေပုံးများ၊ အဝတ်အထည်များ၊ ဆပ်ပြာများ၊ ဖျာများ၊ စောင်များနှင့် နေရောင်ခြည်သုံး မီးအိမ်များအစရှိသည့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ပါသည်။

### ရေရှည်ခိုင်မြဲသည့်ဖြေရှင်းနည်းများ

နေရပ်စွန့်ခွာနေထိုင်ရသူများနှင့်နိုင်ငံမဲ့ဖြစ်နေသူများအတွက် သူတို့၏ရည်မှန်းချက်မှာယင်းတို့၏ဘဝများဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာနှင့်အေးချမ်းသာယာစွာ ပြန်လည်တည်ဆောက်နိုင်ရေးပင်ဖြစ်သည်။ UNHCRအနေဖြင့် မိမိတို့၏နေရပ်ရင်းဒေသများသို့ပြန်လည်နေထိုင်လိုသူများ၏ရည်မှန်းချက်ဆန္ဒများအား နားလည်သဘောပေါက်ရေး၊ ယင်းတို့နေထိုင်မည့် အရပ်ဒေသရှိလူမှုအသိုက်အဝန်းများနှင့်ပြန်လည်ပေါင်းစည်း နေထိုင်နိုင်ရေး သို့မဟုတ် အခြားသောအရပ်ဒေသသို့ဘေးကင်း လုံခြုံစွာရွှေ့ပြောင်းနေထိုင်နိုင်ရေးတို့အတွက်လုပ်ဆောင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သက်ဆိုင်သူများနှင့် အတူ ပူးပေါင်း၍ မည်သူ ၏တစ်ဦးတစ်ယောက်မှ မကျန်ရစ်ခဲ့ရစေရေး အတွက် အားလုံးပါဝင်နိုင်သည့် စဥ်ဆက်မပြတ်တွေ့ဆုံ ဆွေးနွေးမှုများနှင့် သင့်လျော်သည့် ပံ့ပိုးကူညီမှုများဆောင်ရွက် ပေးခြင်းမှ တဆင့် လူမှုအသိုက်အဝန်းများအတွက်ရေရှည် တည်တံ့ခိုင်မြဲသော ဖြေရှင်းနည်းများရရှိရန်လုပ်ဆောင်ပါသည်။

## မိတ်ဖက်အဖွဲ့များ

ACTED · Brave Heart Foundation · Bridge Asia Japan · Danish Refugee Council · Justice Base · Kachin Baptist Convention (KBC) · KMSS · The Lutheran World Federation · Meikswe Myanmar · Myanmar Red Cross Society · NRC Norwegian Refugee Council · Nyein (Shalom) Foundation · Shingnip · Smile Myanmar · World Vision

## အလှူရှင်များ

Australian Aid · Belgium partner in development · Canada · European Union Civil Protection and Humanitarian Aid · German humanitarian assistance · Irish Aid Rialtas na hÉireann Government of Ireland · From the People of Japan · Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC

ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည် လူသားချင်းစာနာထောက်ထားခြင်း၊ ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်ခြင်းအစရှိသည့် စည်းမျဥ်းများနှင့်အညီ ဆောင်ရွက်သော နိုင်ငံရေးနှင့်ဆက်စပ်ပတ်သက်ခြင်း မရှိသည့် လူသားချင်းစာနာထောက်ထားခြင်း ဆိုင်ရာ လုပ်ငန်းစဥ်သပ်သပ် ဖြစ်ပါသည်။